၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ

## အောင်မြင်မှု ခရီးလမ်း

# အနာဂတ် ရေရှည်တည်တံ့မှုအတွက် ရည်ရွယ်သော ဆန်းသစ်တီထွင် ပရိဘောဂလုပ်ငန်း




*ရန်ကုန်၊ မရမ်းကုန်းရှိ အလုပ်ရုံတွင် ကိုမစ်ကီနှင့် သူ့လက်သမားဆရာတို့ အလုပ်လုပ်နေစဉ်*

ကိုမစ်ကီ (မင်းစိန်) ဟာ သင်္ဘောသားအဖြစ် နှစ် ၂၀ ကျော် ကမ္ဘာ့ပတ်ခဲ့ပြီး သူ့အမျိုးသမီး မသီရိနှင့် မြန်မာနိုင်ငံမှာ အခြေချတဲ့အခါ လူမှုဝန်းကျင်အတွက် အကျိုးပြုတဲ့အလုပ် လုပ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ နိုင်ငံအနှံ့ သက်ရောက်မှုရှိနေတဲ့ သစ်တောပြုန်းတီးမှုပြဿနာကို ကူညီမီးမောင်းထိုးပေးချင်တဲ့ ကိုမစ်ကီဟာ သူရဲ့ လက်သမားလုပ်ငန်း စိတ်ကူးကို အကောင်အထည်ဖော်ဖို့  ဖြစ်လာခဲ့ပါတယ်။

၂၀၁၇ မေမှာ ကိုမစ်ကီနဲ့ မသီရိတို့ “Mickey’s Real Wood Upcycling Furniture” အလုပ်ရုံကို ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်မှာ ဖွင့်လှစ်ခဲ့ပြီး ရေရှည်ခံတဲ့ပရိဘောဂတွေ စတင်ထုတ်လုပ် ရောင်းချခဲ့ပါတယ်။ ကုန်တင် သစ်သားပြားတွေ၊ ရာဘာပင်ဟောင်းတွေ အစရှိတဲ့ ပြန်လည်အသုံးပြုနိုင်တဲ့ သစ်သားတွေကို အသုံးပြုပြီး ‘အဆင့်မြှင့် အသုံးပြုခြင်း’ ပြုလုပ်ပါတယ်- စွန့်ပစ်သစ်သားတွေကနေ တန်ဖိုးရှိတဲ့အရာတွေ ဖန်တီးတာပါ။ လက်သမားဆရာအဖွဲ့ကို ဒေသခံများဖြင့်သာ ခန့်အပ်ထားပြီး သမားရိုးကျအပြင် ခေတ်မီ လက်သမား အတတ်ပညာလည်း အသုံးပြုပါတယ်။

ကိုမစ်ကီရဲ့လုပ်ငန်းကို ICCO ကော်ပိုရေးရှင်း၊ One to Watch နဲ့ Truvalu တို့က အကောင်အထည်ဖော်တဲ့ "အားလုံးအကျုံးဝင်သော မြန်မာ့အခြေပြု စီးပွားရေးလုပ်ငန်းများ အရှိန်မြှင့်တင်ခြင်း စီမံကိန်း" (AIM) ကပံ့ပိုးမှုတွေပေးပါတယ်။ စီမံကိန်းကို မြန်မာနိုင်ငံအတွင်း အားလုံးအကျုံးဝင်သော လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုများ ပံ့ပိုးပေးနေတဲ့ UK aid ရဲ့ ရန်ပုံငွေနဲ့ DaNa Facility က ပံ့ပိုးပေးတာပါ။ အားလုံးအကျုံးဝင်တဲ့ လုပ်ငန်းများဟာ ဝင်ငွေနည်းပါးသော ရပ်ရွာနေလူထုကို လုပ်ငန်းစဉ်တစ်လျှောက် ပါဝင်လာစေပြီး စီးပွားရေးဖွံ့ဖြိုးမှုမှ အကျိုးခံစားခွင့် ရရှိစေတဲ့ တီထွင်ဆန်းသစ်မှုရှိသော လုပ်ငန်းများဖြစ်ပါတယ်။

> “စီမံကိန်းနဲ့ အလုပ်မလုပ်ခင်တုန်းက ကျွန်မတို့ကြိုက်တာ၊ ဝါသနာပါတာကို လုပ်ခဲ့ရုံပါပဲ။ ဒါပေမဲ့ ခုဆိုရင် ဘာလုပ်မယ်၊ ဘယ်လိုလုပ်မယ်ဆိုတာနဲ့ ပတ်သက်ပြီး ပိုပြီးတော့  စေ့စေ့စပ်စပ်နဲ့ စနစ်တကျ ဖြစ်လာတယ်။”

AIM စီမံကိန်းဟာ အားလုံးအကျုံးဝင်သော လုပ်ငန်းများကို ပိုမိုချဲ့ထွင်လာစေဖို့ ရည်ရွယ်ပြီး စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ စွန့်ဦးတီထွင်သူများဟာ စီးပွားရေးကျွမ်းကျင်မှု၊ ချိတ်ဆက်မှုနဲ့ ငွေရေးကြေးရေး ကဏ္ဍတွေမှာ အားနည်းတတ်ကြပြီး AIM က ဒီနေရာမှာ ပံ့ပိုးပေးတာပါ။ ကိုမစ်ကီ့ လုပ်ငန်းအတွက်တော့ စီမံကိန်းက ကြီးကြီးမားမား သက်ရောက်မှုရှိခဲ့ပါတယ်-

“ဒါက တကယ်ကို စီမံကိန်းကောင်းပါပဲ။ လုပ်ငန်းကို မျှတအောင်ထိန်းပြီး စီမံကိန်းနဲ့ အလုပ်လုပ်ရတာ စိန်ခေါ်မှုရှိပေမယ့် ခုဆိုရင် လုပ်ငန်းကြီးထွားလာဖို့ ခိုင်မာနေပြီလို့ ထင်ပါတယ်။”

မသီရိနဲ့ ကိုမစ်ကီတို့ကတော့ စီမံကိန်းက သူတို့ကို ပိုမိုပြီး စနစ်တကျ စီစဉ်နိုင်ဖို့ သင်ပေးတာကြောင့် လုပ်ငန်းအတွက် ပိုရှင်းလင်းတဲ့ ရည်မှန်းချက် ရရှိလာတယ်လို့ ဆိုပါတယ်။ ဒ့ါအပြင် သူတို့အတွက် အချိတ်အဆက်တွေလည်း ကျယ်ပြန့်လာစေတယ် - ဒီဇိုင်းစတိုးတွေ၊ နိုင်ငံတကာကုမ္ပဏီ၊ ငွေကြေးပံ့ပိုးသူတွေနဲ့ အခြားရည်ရွယ်ချက်တူ လုပ်ငန်းတွေကို ဆက်သွယ်နိုင်လာပါတယ်။

“စီမံကိန်းနဲ့ အလုပ်မလုပ်ခင်တုန်းက ကျွန်မတို့ကြိုက်တာ၊ ဝါသနာပါတာကို လုပ်ခဲ့ရုံပါပဲ။ ဒါပေမဲ့ ခုဆိုရင် ဘာလုပ်မယ်၊ ဘယ်လိုလုပ်မယ်ဆိုတာနဲ့ ပတ်သက်လို့ ပိုပြီးတော့ စေ့စေ့စပ်စပ်နဲ့ စနစ်တကျ ဖြစ်လာတယ်” လို့ မသီရိက ပြောပါတယ်။

AIM စီမံကိန်းအပြီးမှာ CB ဘဏ်က ကိုမစ်ကီရဲ့ အလုပ်ရုံချဲ့ဖို့နဲ့စက်အသစ်တွေဝယ်ဖို့ ၄ နှစ်ကာလနဲ့ ချေးငွေ $၃၀ ၀၀၀ ထုတ်ချေးခဲ့ပါတယ်။ ချေးငွေကြောင့် ပိုမိုထုတ်လုပ်နိုင်ပြီး သူတို့ရဲ့ ပရိဘောဂတွေကို အွန်လိုင်းအပြင် ဆိုင်အချို့မှာပါ ရောင်းချ နေပါပြီ။ ပြီးခဲ့တဲ့နှစ်က ကိုမစ်ကီဟာ လက်သမားဆရာနဲ့ ပစ္စည်းပို့ ယာဉ်မောင်း အပါအဝင် ဝန်ထမ်း ၁၁ ဦးကနေ ၁၅ ဦးအထိ တိုးပြီး ခန့်ထားနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံ ရှေ့ဆက်တိုးတက်လာတာနဲ့အမျှ လူမှုဝန်းကျင်ကို အကျိုးပြုတဲ့ ရေရှည်တည်တံ့ပြီး အားလုံးအကျုံးဝင်သော စီးပွားရေးဖွံ့ဖြိုးမှုကို သေချာစေတဲ့ ကိုမစ်ကီကဲ့သို့ လုပ်ငန်းတွေဟာ အဓိကအခန်းကဏ္ဍမှာ ပါဝင်လာမှာအမှန်ပါ။

January 2020

## SUCCESS STORY:

# Innovative Furniture Business Aims for a Sustainable Future



*Mickey working with one of his carpenters at the workshop in Mayangone, Yangon*

Mickey (Min Sein) travelled the world as a sailor for more than 20 years. When he resettled in Myanmar with his wife, Thiri, they were determined to make a positive impact on society. The couple came up with the idea to use Mickey's passion for woodworking to help address the alarming deforestation affecting the country.

In May 2017, Mickey and Thiri opened "Mickey's Real Wood Upcycling Furniture" workshop in Mayangone, north of Yangon, and began crafting and selling sustainable furniture. By using reclaimed wood, such as pallet wood and old rubber trees, they engage in a process called 'upcycling' – creating value from waste wood. The business employs local community members as carpenters, using traditional as well as modern woodworking skills.

Mickey's business has been receiving support from the 'Accelerate Inclusiveness in Myanmar' (AIM) project, implemented by ICCO cooperation, One to Watch, and Truvalu. The project, which is supported by the UK aid-funded DaNa Facility, facilitates investment in inclusive businesses in Myanmar. Inclusive businesses are innovative companies that engage with people from poor and disadvantaged communities to provide the support they need to participate in, and benefit from, economic growth.

**"Before working with the project, we simply did what we liked and what we felt a passion for, but now we are more meticulous about how we decide what to do and how we do it."**

AIM supports established inclusive businesses that have ambitions to expand. Entrepreneurs often lack business expertise, networks, and finance; this is where AIM comes in. For Mickey, the project has had a major impact on the business:

"Actually, it's a great project. Although it was challenging to balance managing the business and working with the project, I feel the business is now strong enough to grow."

According to Thiri and Mickey, the project has taught them to plan more systematically so they have a clearer vision for the business. It's also helped them grow their networks – they've been able to connect to design stores, international companies, finance providers, and other likeminded businesses.

"Before working with the project, we simply did what we liked and what we felt a passion for, but now we are more meticulous about how we decide what to do and how we do it," said Thiri.

Following their work with the AIM project, CB Bank offered Mickey's a 4-year loan of $30,000 to expand the workshop and buy new machinery. The loan has led to increased production; they now sell their furniture online as well as through selected shops, and last year Mickey increased the number of employees from 11 to 15, including additional carpenters and a delivery driver.

As Myanmar continues to develop, businesses such as Mickey's are set to play a pivotal role ensuring that economic growth is both sustainable and inclusive, benefitting everyone in society.